

# ယုံကြည်ခြင်း
# ၌
# လျှောက်လှမ်းခြင်း

Tim Greenwood

# အခန်း(၁)

## ပထမအရာများသည် ပထမ

**ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်**

(၁ ယော ၄း၁၆) ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူခြင်းမေတ္တာ တော်ကို ငါတို့သည်သိ၍ ယုံကြည်ကြ၏။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၍ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌ တည်၏။ ဘုရားသခင်သည် ထိုသူ၌ တည်တော်မူ၏။

**ဘုရားသခင်သည် ကျေးဇူးတော်နှင့် ဂရုဏာတော်နှင့် ပြည့်စုံတော်မူ၏။**

(ဆာလံ ၈၆း၁၅) အိုထာဝရဘုရား ကိုယ်တော်သည် သနားစုံမက်တော် သောသဘော ကျေးဇူးပြုတတ်သောသဘော၊ သည်းခံတတ်သောသဘော၊ ဂရုဏာတော်နှင့် သစ္စာကြွယ်ဝသောသဘောနှင့် ပြည့်စုံသောဘုရားဖြစ်တော်မူ၏။

**ဘုရားသခင်သည် ဘယ်သူ့ကိုမှ မျက်နှာသာမပေးပါ**

(တမန်တော် ၁၀း၃၄) ''ထိုအခါ ပေတရုသည် နှုတ်ကိုဖွင့်၍ အကယ်စင် စစ်ဘုရားသခင်သည် လူ့မျက်နှာကို မှတ်တော်မမူ။

**ဘုရားသခင်သည် ကောင်းသောအမှုကိုသာ ပြုသည်**

(သုတ္တံကျမ်း ၁၁း၂၃) ဖြောင့်မတ်သောသူသည် မြတ်သောအရာကို တောင့်တတတ်၏။ မတရားသောသူ မျှော်လင့်သော အရာမူကား ဒေါသအမျက် နှင့်ဆိုင်သတည်း။

(ရှင်လုကာ ၁၈း၁၉) ယေရှုက ငါ့ကိုကောင်းမြတ်သည်ဟု အဘယ် ကြောင့်ခေါ်သနည်း။ ဘုရားသခင်တစ်ပါးတည်းသာ

ကောင်းမြတ်တော်မူ၏။

**ဘုရားသခင်သည် မိတ်ဆွေအပေါ်တွင် အနာရောဂါစွဲရန် ခွင့်မပြုပေ။ အနာရောဂါငြိမ်းခြင်းသည် ဘုရားသခင်၏ အလိုတော်ဖြစ်သည်။**

မိတ်ဆွေ အကောင်းဆုံးသော ဆုကျေးဇူးသည် ဘုရားသခင်ထံမှ လာ သည်။ မိတ်ဆွေသည် ကျန်းမာခြင်းရှိရန် ဘုရားသခင် အလိုတော်ရှိသည်။

ကျွန်ုပ်သည် မည်ကဲ့သို့သိရှိနိုင်မည်နည်း။

သမ္မာကျမ်းစာက ပြောသောကြောင့် ကျွန်ုပ်သိရှိသည်။ ယခုနှုတ်ကပတ် တော်ထဲ၌ ဘုရားသခင်ပြောထားခဲ့သော အရာများကို ယုံကြည်ခြင်းရှိရန်သာ လိုအပ်သည်။ မိတ်ဆွေ၏ အနာရောဂါငြိမ်းခြင်းအပါအဝင် ဘုရားသခင် ပြင်ဆင်ထားသောကောင်းသော အရာများရရှိရန် သင်ကြားမှု လိုအပ်သည်။

## အခန်း (၂)

## အနာရောဂါငြိမ်းခြင်းသည် အဘယ်နည်း။

လွန်ခဲ့သောနှစ်ပေါင်း (၆၀) နောက်ပိုင်းတွင် လူနာများ ဆီလိမ်းခြင်းကို ကျင့်သုံးသော ဘုရားကျောင်းတစ်ခုသို့ ကျွန်တော်ပထမအကြိမ် တတ်ရောက် သောအခါ အနာရောဂါငြိမ်းစေခြင်းနှင့် ဘီသိပ်ခြင်းခေါင်းစဉ်ဖြင့် ဟောပြောခဲ့သော ဒေသနာကို ကျွန်တော်ကြားခဲ့သည်။ ထိုအချိန်တွင် ကျွန်တော်သည် လွန်ခဲ့သော လအနည်းငယ်ခန့်က ခံစားခဲ့ရသော ခေါင်းတစ်ခြမ်းကိုက်ရောဂါ ခံစားရင်း ဒေသ နာတော်ကို

ကြားနာခဲ့သည်။ ဝတ်ပြုအစည်းအဝေးပြီးဆုံးသွားခဲ့ပြီးနောက် ကျွန်တော်သည် ထိုသို့ပြု၍ ဆီလိမ်းခြင်းအမှုခံဖို့ ကြိုးပမ်းမည်ဟု ယူဆခဲ့သည်။ ကျွန်တော်၏ ခေါင်းတစ်ခြမ်းကိုက်ခြင်း ရောဂါသည် ချက်ချင်းပျောက်သွားခဲ့ သည်။ ကျွန်တော်ပေါ်တွင် ရောဂါမရှိခဲ့တော့ပေ။ ကျွန်တော် ကျန်းမာခဲ့ပြီဟု သက်သေခံရန် နှိုးဆော်ခြင်းခံခဲ့ပါသည်။

ကျွန်တော်သည် အချိန်ပေါင်းများစွာ ဘိသိပ်ခြင်းခံခဲ့ပါသည်။ သို့သော် ကြီးကြီးကျယ်ကျယ် မဖြစ်ဘူးခဲ့ပေ။ တစ်ခါတစ်ရံ ကျွန်တော်သည် ကျန်းမာခြင်း အခွင့်ရ၍ တစ်ခါတစ်ရံ ကျန်းမာခြင်း အခွင့်မရခဲ့ပေ။

ကျွန်တော်သည် ရင့်ကျက်သော ခရစ်ယာန်တစ်ဦးဖြစ်လာလေလေ အနာရောဂါငြိမ်းခြင်းကို မခံစားလေလေဖြစ်ပုံရသည်။

စဉ်းစားရန် တချို့လိုလိမ့်ကို ကျွန်တော်တွေ့ရှိခဲ့သည်။ အနာရောဂါငြိမ်း စေသောသူသည် ဘုရားသခင်ဖြစ်သလော။ ကျွန်တော်ဖြစ်သလော။ ကျွန်တော် ၏ယုံကြည်ခြင်းများ ပျောက်ကွယ်သွားခဲ့ပါသလော။

ကျွန်တော်သည် အဖြေကိုမသိခဲ့ပေ။

မှတ်ရန်။ ။ **ကျွန်တော်သည် အသက်(၄၅)နှစ် ရှိသောအခါ ခွဲစိတ်ကုသမှုကို ခံယူခဲ့သည်။ ကျွန်တော်သည် အချိန်အနည်းငယ်အတောအတွင်းတွင် ကျန်းမာ၍ နဂိုမူလအခြေအနေသို့ ပြန်ရောက်သွားတော့မည့်အချိန်တွင် ကျွန်တော်သည် ဆေးရုံတင်ရန်ဖြစ်သွားခဲ့ရသည်။ ဆယ့်နှစ်ခါကြိမ်ကြိမ် စမ်းသပ်ခဲ့ပြီးနောက် ဆရာဝန်သည်**

**ကျွန်တော်ထံလာ၍ ခွဲစိတ်မှုသည် မအောင်မြင်ခဲ့ပေဟု ကျွန်တော့်ထံပြောခဲ့သည်။ ကျွန်တော်သည် သေရတော့မည်ဖြစ်၍ ဆရာဝန်များက ကျွန်တော့်အတွက် လုပ်ဆောင်ပေးနိုင် သောအရာတစ်ခုမျှ မရှိတော့ပေ။ ကျွန်တော့်အတွက် လုပ်ပေးနိုင်သော အရာသည် ကျွန်တော်၏အနာသက်သာစေရန် နှလုံးအတုတပ်ဆင်ပေးခြင်း ဖြစ်သည်။**

ဤအတွေ့အကြုံအားဖြင့် ကျွန်တော်သည် ယုံကြည်ခြင်းနှင့် အနာရောဂါ ငြိမ်းခြင်းကို လေးနက်စွာဆင်ခြင်နှလုံးသွင်းရမည် ဖြစ်သည်။

တစ်ခါတစ်ရံ ဘုရားသခင်က တခြားလူတစ်ယောက်၏ ယုံကြည်ခြင်းဖြင့် ကျွန်တော်တို့၏ အနာရောဂါကို ငြိမ်းစေခဲ့သည်ဟု ကျွန်တော်သိရှိခဲ့သည်။ လွန်ခဲ့ သောအချိန်များတွင် ကျွန်တော်သည် ဤကဲ့သို့သော နည်းလမ်းဖြင့် အနာရောဂါ ငြိမ်းခွင့်ရရှိခဲ့သည်။ ယုံကြည်ခြင်းအားဖြင့် အနာရောဂါငြိမ်းခြင်း ရရှိသည်ကို ကျွန်တော်တို့သည် ကိုယ်တွေ့မျက်မြင်ဖြစ်သောကြောင့် ကျွန်တော်ယုံကြည်ခြင်း ဖြစ်သည်။

ယခုအချိန်တွင် ကျွန်ုပ်၏ယုံကြည်ခြင်း၊ အနာရောဂါငြိမ်းခြင်းအခွင့်ရှိလိမ့် မည်ဟု ကျွန်တော်နားမလည်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် အမှုတော်ဆောင်များ၏ ယုံကြည်ခြင်းကို အမြဲတမ်းမှီခိုခဲ့ပြီး ကျွန်တော်၏ အခြေ အနေကို သူတို့၏ဆုတောင်းခြင်းထဲ၌ ထည့်ပေးခြင်းဖြင့် တခြားသူများ၏ ယုံကြည်ခြင်းကို ကျွန်တော်အားကိုးခဲ့သည်။

သို့သော် ယခု ကျွန်တော့်အတွက် ပထမဆုံး အတွေ့အကြုံ၏ အခြေ အနေသည် အလွန်ဆိုးရွားလာခဲ့သည်။

ထို့ကြောင့် ကျွန်တော်သည် တရားပွဲသို့သွား၍ ဆုတောင်းခံချက် တင်ပြ ခဲ့သည်။ တစ်ကြိမ်တွင် ကျွန်တော်၏ အသင်းတော်မှဖြစ်စေ၊ တခြားအသင်း တော်မှဖြစ်စေ လူတစ်ထောင်နီးပါးက ဆုတောင်းခံခဲ့ကြသည်။ ကျွန်တော်အပေါ် တွင် လက်တင်၍ ကျွန်တော်သည် ကျန်းမာခြင်းကို လိုအပ်သဖြင့် ကျွန်တော်ကို လေးကြိမ် (သို့) ငါးကြိမ်ခန့် ဆီလိမ်းပေးခဲ့ပါသည်။ အမှုတော်ဆောင်များ၏ ယုံကြည်ခြင်းအားဖြင့်ဖြစ်စေ၊ လူအားလုံး၏ ယုံကြည်ခြင်းအားဖြင့်ဖြစ်စေ၊ ကျွန်ုပ် ၏ယုံကြည်ခြင်းအားဖြင့်ဖြစ်စေ၊ တစ်ခါတစ်ရံ ဘုရားသခင်က လူတွေကို ကျန်းမာ စေနိုင်သည်။

ဘုရားသခင်သည် ကျွန်တော်တို့ယုံကြည်နိုင်ရန်အတွက် တခြားသူများ၏ ယုံကြည်ခြင်းအားဖြင့် အနာရောဂါငြိမ်းစေခဲ့သည်ကို သိရှိရသည်။ ကျွန်တော်တို့ သည်နို့ဆို့ခရစ်ယာန်ကဲ့သို့ ဖြစ်ချိန်တွင် သို့သော် ကျွန်တော်တို့သည် ရင့်ကျက် လာခဲ့ပြီးနောက် မိမိယုံကြည်ခြင်းကို လေ့ကျင့်ခန်းပြုရန် ဘုရားသခင်က ကျွန်တော် တို့ကိုမျှော်လင့်နေသည်ကို သိရှိနိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် တစ်ခါ တစ်ရံအနာရောဂါငြိမ်းခြင်းအခွင့် ခံစားရခြင်းဖြစ်ပါသည်။ ဘုရားသခင်က ကျန်းမာ စေနိုင်သည်ဟု ကျွန်တော်သိခဲ့သည်။ ဘုရားသခင်က ကျန်းမာစေသည်ဟုလည်း ကျွန်တော်သိခဲ့သည်။

(ကျွန်တော်အတိတ်ကာလကို သုံးသပ်သောအခါ ကျွန်တော်သည် ယုံ ကြည်ခြင်းအကြောင်းကို နားမလည်ခဲ့ပေ။

လူတိုင်းကိုလည်း ကျွန်တော်ကဲ့သို့ ဖြစ်စေလိုသည်)။ ထို့ကြောင့် ကျွန်တော်သည် ယုံကြည်ခြင်းအကြောင်းကို သင်ယူ ခဲ့ခြင်းဖြစ်သည်။

## အခန်းကြီး (၃)
## ယုံကြည်ခြင်းသည် အဘယ်နည်း။

(ရှင်မဿဲ၊ ၁၇း၂၀) ယေရှုက ငါအမှန်အကန်ဆိုသည်ကား၊ သင်တို့ သည်ယုံကြည်ခြင်းမရှိသောကြောင့် မနှင်ထုတ်နိုင်ကြ၊ ငါအမှန်ဆိုသည်ကား သင်တို့သည် မုန်ညင်းစေ့ခန့်မျှလောက်သော ယုံကြည်ခြင်းရှိလျှင် ထိုတောင်ကို နေရာမှ ရွှေ့လော့ဟု ဆိုကြသော် နေရာမှ ရွှေ့လိမ့်မည်။ ယုံကြည်ခြင်းရှိလျှင် သင်တို့မတတ်နိုင်သော အမှုမရှိ။

မိမိနိုင်ငံတွင်းရှိ တောင်ကုန်း (သို့) တောင်တန်းကို ထိုနေရာသို့ရွှေ့ပါဟု ဤကျမ်းပိုဒ်ကို အသုံးချရန် လူဘယ်နှစ်ယောက်က ကြိုးပမ်းခဲ့သနည်း။

ဤကျမ်းပိုဒ်သည် အလွန်ထူးဆန်းသည်ဟု ကျွန်တော်စဉ်းစားမိခဲ့သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို အလွန်နည်းသည်ဟု လက်ညှိုး ထိုးပြခြင်းဖြစ်သည်ဟုလည်း ခံစားမိသည်။ ဤအကြောင်းကို ရှူးလောက်အောင် စဉ်းစားရန်မလိုအပ်ပေဟု ကျွန်တော်တွေ့ရှိခဲ့ရသည်။

ကျွန်ုပ်တို့၏သေးငယ်သော ယုံကြည်ခြင်းပေါ်တွင် ရပ်တည်နိုင်ရန်အ တွက်မဟုတ်ပဲ သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ယုံကြည်ခြင်းအပေါ်တွင် ရပ်တည်ရန်ဖြစ်သည်။ ထိုယုံကြည်ခြင်းသည် အသုံးချတတ်ရန်လည်း လိုအပ် သည်။ ထို့ကြောင့်မေးခွန်းများစွာ

ထွက်ပေါ်လာခဲ့သည်။

**တောင်ကုန်း (သို့) တောင်တန်းသည် အဘယ်ကြောင့် မရွေ့သွားခဲ့သနည်း**

**ကျွန်ုပ်၏ယုံကြည်ခြင်းသည် ကျွန်ုပ်၏ဘာသာရေးဂိုဏ်းချုပ် (သို့) အသင်း တော်လား¿**

ကျွန်တော်တို့သည် ယုံကြည်ခြင်း **အများအပြား** ရှိနိုင်ကြောင်းနှင့် ဘာသာရေးဂိုဏ်းဂဏသည် ယုံကြည်ခြင်းတစ်ခု ဖြစ်လာနိုင်ကြောင်းကို သခင် ယေရှုက မိန့်ဆိုခဲ့သောကြောင့် ဤမေးခွန်းသည် မေးနိုင်သော မေးခွန်းဖြစ်သည်။

သခင်ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ယုံသလော။ သဘာဝလွန်ကဲသော အရာကို ယုံသလော။ အားလုံးမှန်ကန်နိုင်ပါသည်။ အဘယ် ကြောင့်ဆိုသော် ကျွန်တော်တို့သည် ယုံကြည်ခြင်းရှိနိုင်သည် (သို့) ယုံကြည်ခြင်း မရှိဘဲလည်း ဖြစ်နိုင်သည်ကို ဆိုလိုသည်။ ရောမ ၁၂း၃က ''ကျွန်တော်တို့သည် ယုံကြည်ခြင်းတစ်ခုစီရှိကြသည်'' ဟု မိန့်ဆိုထားးပါသည်။

**သို့ဖြစ်လျှင် ယုံကြည်ခြင်းသည် အဘယ်နည်း**

ယုံကြည်ခြင်းသည် မည်သည့်နေရာမှ လာသနည်း။ မည်သို့ရရှိနိုင်မည်နည်း။ ကျွန်တော်တို့သည် ယုံကြည်ခြင်းရှိကြောင်းကို မည်သို့သိရှိနိုင်မည်နည်း။

အဖြေများကို ဆက်လက်ဖတ်ရှုပါ။

## အခန်းကြီး (၄)

## ယုံကြည်ခြင်းဟူသည် အဘယ်နည်း

(ဟေဗြဲ ၁၁း၁) ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက် မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းကို ထိုဖြစ်နိုင်ချေ။

(ရောမ ၁၀း၁၇) သို့ဖြစ်၍ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ် ၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏။**ကျွန်တော်တို့၌ ယုံကြည်ခြင်းတစ်စုံတစ်ခုမျှ ရှိပါသလား¿**

(ရောမ ၁၂း၃) သင်တို့သည် ကိုယ်ကိုထင်သင့်သည့် အတိုင်းတော် လွန်လှ မထင်ဘဲ ဘုရာသခင်သည် လူအသီးသီးတို့အား ယုံကြည်ခြင်းကို ပေးတော်မူ သည်နှင့်အညီ၊ ကိုယ့်ကိုလျောက်ပတ်စွာထင်ရမည့် အကြောင်း ငါသည် ကိုယ်ခံ ရသောကျေးဇူးတော်ကို အမှီပြုလျက် သင်တို့တွင် ရှိသမျှသောသူတို့ကို မှာထား၏။

နှုတ်ကပတ်တော် ဖတ်ရှုခြင်းနှင့်ကြားနာခြင်းအားဖြင့် သခင်ယေရှု၏ လက်ဝါးကားတိုင်ပေါ်မှာ ယစ်ပူဇော်ခြင်းကို ယုံကြည်ပြီးလက်ခံလျှင် ကျွန်တော် တို့သည် မုန်ညှင်းစေ့လောက်သေးငယ်သော ယုံကြည်ခြင်း ရှိခြင်းဖြစ်သည်။

ဟုတ်ပါသည်။ ကျွန်တော်တို့၌ရှိသော ယုံကြည်ခြင်းကို တိုင်းသာကြည့် ပါကအလွန်ဘဲသေးငယ်ပါသည်။ ကျွန်တော့်၌ရှိသော ယုံကြည်ခြင်းသည် လုံလောက်သည်။ သို့ဖြစ်၍ အဘယ်ကြောင့် တောင်မရွှေ့နိုင်ရမည်နည်း။ အဘယ်ကြောင့်ဆိုသော်

နှုတ်ကပတ်တော်သည် ဥပမာအလင်္ကာဖြင့် ရေးထားသောကြောင့်ဖြစ်သည်။ လွန်ခဲ့သော အနှစ်(၂၅)နှစ်၊ ကျွန်တော်ဤအကြောင်းကို နားမလည်သေးခင် ဘုရာကျောင်းသို့ထွက်ခဲ့ပါသည်။ ကျမ်းစာကျောင်းသား တစ်ဦးလည်းဖြစ်ခဲ့ပါသည်။

ဤတော်ဟု ခိုင်းနိုင်းအသုံးပြုရခြင်းသည် ကြီးမားသောရွေ့လျား၍ မရသည့် ပြဿနာမျိုးကိုဖော်ပြလိုခြင်းဖြစ်သည်။ (ကြောက်မက်ဖွယ်ရာသော ရောဂါအပါအဝင်) ကျွန်တော်တို့၏ လမ်းခရီးကို တားဆီးပိတ်ဆို့သော အရာပင် ဖြစ်သည်။ နှုတ်ကပတ်တော်က ကျွန်တော်တို့အား ဘာလုပ်ရမည်ကို တိကျစွာဖွင့်ပြထားပါသည်။

ကျွန်တော်တို့သည် ပြဿနာကို ရင်ဆိုင်ဖို့ရန် ခြေလှမ်းလှမ်းရမည် ဖြစ်သည်။ ''ကျွန်ုပ်၏ လမ်းမှထွက်သွားပါ၊ ရေကန်ထဲသို့ ခုန်ဆင်းပါ''ဟု မောင်း ထုတ်ရပေမည်။ ဤသို့ပြောဆိုခြင်းသည် နတ်ဆိုးတို့ကို နှင်ထုတ်ခြင်းဖြစ်သည်။ ဤအရာတွေ လုပ်ဆောင်သောအခါ သခင်ယေရှု၏ တန်ခိုးတော်၊ မဟာနာမ တော်ကို အမည်ပြုခြင်းဖြင့် လုပ်ဆောင်ရပါမည်။

(မာကု ၁၁း၂၃) ငါအမှန်ဆိုသည်ကား၊ အကြင်သူသည် ယုံမှားသော စိတ်နှင့်ကင်း၍ မိမိဆိုသည့်အတိုင်း ဖြစ်မည်ဟု ယုံကြည်လျက်၊ ထိုတောင်တို့ နေရာမှရွေ့လော့၊ ပင်လယ်၌ကျလောဟုဆိုလျှင် ထိုသူဆိုသည့်အတိုင်း ဖြစ်လိမ့် မည်။

(မာကု ၁း၂၄) ထို့ကြောင့် ငါဆိုသည်ကား သင်တို့သည် ကျေးဇူးပြုခြင်း ကိုခံရလိမ့်မည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။

သင်ပြောခဲ့သမျှ သခင်ပိုင်ဆိုင်လိမ့်မည်။

ယုံကြည်ခြင်းဆိုသည်မှာ ဘာသာရေးမဟုတ်ပါ။

ယုံကြည်ခြင်းဆိုသည်မှာ စိတ်ခံစားမှု မဟုတ်ပါ။

ယုံကြည်ခြင်းဆိုသည်မှာ ဘုရားသခင်နှင့် သခင်ယေရှုကို ယုံကြည်ခြင်း ဖြစ်သည်။ ယုံကြည်ခြင်းဆိုသည်မှာ ဘုရားသခင် (သို့) ယေရှုသည် တစုံတခုကို လုပ်နိုင်လိမ့်မည်ဟု ယုံကြည်ခြင်းဖြစ်သည်။

ယုံကြည်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ကျွန်တော်တို့ ပြောသည့်အ တိုင်းဖြစ်စေ၊ တောင်းဆိုသည့်အတိုင်းဖြစ်စေ ပိုင်ဆိုင်ခဲ့ပြီးပြီဟု ယုံကြည်ခြင်းဖြစ် သည်။ နှုတ်မွက်ပြောဆိုခြင်းသည် ယုံကြည်ခြင်းကဲ့သို့ အရေးကြီးသည်။

## အခန်း (၅)

## သင်သည်နတ်ဆိုး၏ ပြိုင်ဘက်ဖြစ်သည်

ယေရှုသည် နတ်ဆိုးနှင့် သူ၏အပေါင်းအဖော်များ၊ လက်နက်များ သူတို့ ၏စစ်ဝတ်တန်ဆာများ၊ သူတို့အာဏာနှင့် တန်ခိုးအားလုံးကို ဖျက်ဆီးခဲ့ပါသည်။

(ကောလောသဲ ၂း၁၄) ငါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံး အဖွဲ့နှင့်စပ်ဆိုင်သော လက်မှတ်ကိုချေ၍ လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျက် ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ။

(ကောလောသဲ ၂း၁၈) အထွဋ်အမြတ်၊ အာဏာစက်များကို လုယူလျှင် ထင်ရှားစွာ ထုတ်ပြ၍ လက်ဝါးကပ်တိုင်အားဖြင့် အောင်ပွဲကိုခံတော်မူပြီ။

## ယေရှုသည် နတ်ဆိုး၏ အာဏာများကို ရုပ်သိမ်းခဲ့သည်

(ဗျာဒိတ် ၁း၁၈) အသက်ရှင်သော သူလည်းဖြစ်၏။ ငါသည် အရင် သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့် မရဏာနိုင်ငံကိုလည်း ငါအစိုးရ၏။

တနည်းအားဖြင့် သခင်ယေရှုက သူ၏နာမတော်ကို အသုံးပြုခြင်းဖြင့် အရာခပ်သိမ်းပေါ်တွင် ဩဇာအာဏာရှိရန်အတွက် ကျွန်တော်တို့အား တန်ခိုး ပေးထားခဲ့သည်။

သခင်ယေရှုက ကျွန်ုပ်တို့အား ရှေ့နေရာထူးပေးခဲ့သည်။ သူပြုခဲ့သည့် အတိုင်းသူ၏နာမတော်ကို အသုံးပြု၍ အမှုပြုရန် တန်ခိုးပေးခဲ့သည်။ ယေရှု ဟူသောအမည်နာမသည် အလွန်မြင့်မြတ်သော နာမတော်ဖြစ်သည်။

ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်တွင် ဖော်ပြထားသည့်အတိုင်း သူပြုခဲ့ပြီဟု ယုံကြည်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယုံကြည်ခြင်းသည် ဘုရားသခင်ကို ယုံကြည်ခြင်းဖြစ်၍ ထိုယုံကြည်ခြင်းကို လက်တွေ့ကျကျ ပြသ ရပေမည်။

ထို့ကြောင့် သမ္မာကျမ်းစာကို ယုံကြည်ခြင်းသည် နှုတ်ကပတ်တော် ပြောထားသည့်အတိုင်း ယုံကြည်၍ ထိုနှုတ်ကပတ်တော်၏အတိုင်း လုပ်ဆောင် ခြင်းဖြစ်သည်။

ကျွန်တော် ဤအရာများကို သင်ယူခဲ့ပြီးနောက် ချက်ချင်းသက်သာခြင်း ရခဲ့သော်လည်း ကျွန်တော်သည် ရောဂါလက္ခဏာ တချို့တို့ကို ခံစားခဲ့သည်။ ကျွန်တော်သည် လိုအပ်ချက်တစ်ခုရှိသေးသည်ဟု သိရှိခဲ့သောကြောင့် ထိုအဖြေ

မတွေ့မချင်း အဖြေရှာမှန်ခဲ့ရပါသည်။

ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ပိုင်ဆိုင်ရန်အတွက်သာ မဟုတ်ပေ။ ယုံကြည် ခြင်းသည် လက်တွေ့ကျကျ အသုံးချရန်အတွက်ဖြစ်သည်။ (ယာကုပ် ၂း၁၄–၂၆)

(ဖေက် ၁း၂၀) ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်တန်ခိုးအစိုးရ ခြင်းမှစ၍ ယခုဘ၀၊ နောင်ဘ၀၌ ခေါ်ဝေါ်သမုတ်သော ဘွဲ့နာမအလုံးစုံတို့အ ထက်၊ ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သော နေရာကို ခရစ်တော်အား ပေးတော်မူ၍။

(ဖိလိပ္ပိ ၂း၉) ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီး မြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာမတော်ကို ပေးသနား တော်မူ၍။

မှတ်ချက်။ ခရစ်ဆိုသည် စကားလုံးသည် သခင်ယေရှု၏ နောက်ဆုံးနာမည် မဟုတ်ပေ။ သို့သော် ခရစ်ဆိုသည့် စကားလုံးသည် သခင်ယေရှု၏ အခြား နာမဖြစ်သည်။ ယေရှုဟူသော နာမတော်သည် သူ၏နာမဖြစ်သည်ကို သိရှိရန် လိုအပ်သည်။

သခင်ယေရှု၏ နာမတော်ကို နာမတကာတို့က ရှိခိုးကြရမည်

(ဥပမာ– ဆက်ကပ်မှု)

အရာခပ်သိမ်း၌ နာမည် (အမည်) ရှိသည်။ ဥပမာ – စာတန်ဆိုးဟူ သောနာမည်ရှိသည်။ ဝမ်းနည်းခြင်းသည်လည်း နာမည်တစ်ခုဖြစ်သည်။ ဆီးချို ရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါအားလုံးတို့သည် နာမည်များဖြစ်သည်။

ယေရှုဟူသော နာမည်သည် တန်ခိုးရှိသည်တို့ အမိန့်အာဏာသည် ကျွန်တော်တို့ စကားများကို တန်ခိုးပေးသည်။

ဘုရားသခင်သည် ကမ္ဘာပေါ်မှာ ဖန်ဆင်းခဲ့ပြီး သူ့ကိုအမိန့်အာဏာနှင့် အုပ်စိုးခြင်းတာဝန်ကို ပေးသည်။ အာဒံ ပထမလူသားသည် စာတန်၏ လိမ်ညာ လှည့်ဖျားမှုကြောင့် ကြီးမားသောအပြစ်ကို လုပ်မိခဲ့သည်။

စာတန်သည် သူ၏ပိုင်ဆိုင်မှု၊ အုပ်စိုးမှုနှင့် အမိန့်အာဏာများကို သူ့အား ယေရှုတိုက်လှန်အနိုင်ယူသည့်ထိတိုင်အောင် ကမ္ဘာကြီးကို အုပ်စိုးခဲ့သည်။

ထို့ကြောင့် ယေရှုသည် ကောင်းကင်နိုင်ငံသို့ မတတ်ကြွမီ အစိုးရသော အခွင့်နှင့် အမိန့်အာဏာများကို ကျွန်ုပ်တို့အား သူ၏နာမတော်အားဖြင့် အသုံးချရန် ပေးအပ်ခဲ့သည်။ နောက်နောင်မှာလည်း ထိုထက်ပိုပြီးကြီးမားသော အခွင့်အာဏာ များကို ဖြစ်လာဦးမည်ဖြစ်သည်။

နတ်ဆိုးသည် မိမိကိုယ်ကို အမိန့်အာဏာ(သို့) တန်ခိုးကို မပိုင်ဆိုင်နိုင် တော့ပေ။ စာတန်သည် သေးငယ်သော ကျောင်းဝင်းရှိ ခြံတစ်ခုထဲတွင် ဗိုလ်ကျ လူလိမ်လည်လှည့် လှည့်ဖြားသူဖြစ်သည်။

သူကမိတ်ဆွေကို ဆန့်ကျင်နိုင်ရန် မိတ်ဆွေပိုင်ဆိုင်သော အခွင့်အာဏာ ကိုသာအသုံးချမည်ဖြစ်သည်။ သူက မိတ်ဆွေဆွေ ပြောဆိုသော ဆိုးသွမ်းသော စကားကို အသုံးပြုခြင်းဖြင့် မိတ်ဆွေကို လှည့်ဖြားပါလိမ့်မည်။

မိတ်ဆွေကျန်းမာရန်အတွက် စာတန်မာရ်နတ်၏ စကားကို ငြင်းပယ်နိုင် လျှင်စာတန်မာရ်နတ်သည် မိတ်ဆွေ၏ ကျန်းမာခြင်းအခွင့်ကို ဖျက်ဆီးနိုင်မည့် နည်းလမ်းမရှိတော့ပေ။

# အခန်း (၆)

## နှုတ်ကပတ်တော်၌ တည်ပါ

မိတ်ဆွေကျန်းမာခြင်း အခွင့်ရရှိရန် ဘုရားသခင်သည် သူ၏နှုတ်ကပတ် တော်စေလွှတ်ခဲ့သည် (ဆာ ၁၀၇း၂၀) ထို့ကြောင့် နှုတ်ကပတ်တော်က အမှု ပြုသည်။ သူက နှုတ်ကပတ်တော်ကို စောင့်ထိန်းသည်။ ထို့ကြောင့် အရေးကြီး သောအချက်သည် မိတ်ဆွေသည် ရောဂါကြောင့် စိတ်မပျက်ရန် ဖြစ်သည်။ မိတ်ဆွေ၏ ကျန်းမာခြင်းသည် ချက်ချင်းဖြစ်နိုင်သည်။ သို့သော် ချက်ချင်း မဖြစ်ခဲ့လျှင် မိတ်ဆွေသည် ချက်ချင်းအနာရောဂါငြိမ်းခြင်းကို မခံစားရသောကြောင့် သံသယစိတ်တိုးပွားရန်အတွက် မဟုတ်ပေ။ မိတ်ဆွေအတွက် ပကတိ ကျန်းမာ သောအချိန်ရောက်လာပါလိမ့်မည်။ ယခုမိတ်ဆွေသည် ဘာလုပ်ရမည်နည်း ကျန်း မာသောအချိန် ရောက်လာပါလိမ့်မည်။ ယခုမိတ်ဆွေသည် ဘာလုပ်ရမည်နည်း။

### ၁။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အမြင့်ဆုံးသော အခွင့်အာဏာ ဖြစ်သည်

နှုတ်ကပတ်တော်က သခင်ယေရှု၏ ဒဏ်ချက်တော်အားဖြင့် မိတ်ဆွေ အနာငြိမ်းခဲ့သည်ဟု မိန့်ဆိုထားပါသည်။ (၁ပေ ၂း၂၄) (ဟေရှာ ၅၃-၄-၅)မှ ကိုးကားခြင်းဖြစ်သည်။ မိတ်ဆွေသည် ကျန်းမာခြင်းရှိပြီးသောသူကဲ့သို့ မိတ်ဆွေ ၏ကျန်းမာခြင်းကို အပိုင်သိမ်းလိုက်ပါ။

### ၂။ သံသယစိတ်နှင့် မယုံကြည်စိတ်များ ပယ်ရှင်းပါ

စာတန်က မိတ်ဆွေကို တိုက်ခိုက်သောအခါ မိတ်ဆွေကို ရောဂါခံစား နေသောအတွေးမျိုး (သို့) မိတ်ဆွေ၏ စိတ်ထဲတွင်

သံသယနှင့် မယုံကြည်စိတ် စကားလုံးများကို တိုးတိုးတိတ်တိတ် ရွတ်ဆိုခြင်းမျိုးဖြင့် မိတ်ဆွေကို တိုက်ရိုက် ဆက်ဆံပါလိမ့်မည်။ ထိုအရာများကို ယေရှု၏ နာမတော်ဖြင့် မောင်းထုတ်လိုက် ပါ။ ကျိန်ဆဲလိုက်ပါ။ ချည်နှောင်လိုက်ပါ။ (မဿဲ ၁၈း၁၈) ထို့နောက် မိတ်ဆွေ၏ ကျန်းမာခြင်းအတွက် ဘုရားသခင်ကို ချီးမွမ်းပါ။ ရောဂါများကို မလက်ခံပါနှင့်။ မာရ်နတ်စိတ်မအီမသာဖြစ်စေခြင်း၊ လိမ်လည်လှည့်ဖျားမှုများကို ငြင်းပယ်လိုက် ပါ။ မိတ်ဆွေ၏ ယုံကြည်ခြင်းကို နှောင့်ယှက်ဖျက်ဆီးသော အရာတို့သည် မှောင်မိုက်တန်ခိုးနှင့် မာရ်နတ်ပင်ဖြစ်သည်။ မိတ်ဆွ၏ ကိုယ်နှင့်စိတ်၊ မိသားစု၊ သူငယ်ချင်းများ၊ ဆရာဝန်များနှင့် သင်းအုပ်ဆရာများအားဖြင့် သူတို့သည် မိတ် ဆွေထံလာနိုင်ပါသည်။ မိတ်ဆွေသည် ထိုသူတို့ကို မြင်တွေ့ခဲ့ရင်လည်း သူတို့ကို လက်ခံခြင်းမပြုနှင့်၊ (ရောမ ၁၄း၁) ယုံကြည်ချက်အားနည်းသော သူတို့ကို လက်ခံကြလော့။ သို့ရာတွင် ယုံမှားဖွယ်သော ပြဿနာတို့ကို ထိုသူနှင့် ဆွေးနွေး ကြနှင့်။

**၃။ မိတ်ဆွေမြင်တွေ့ခံစားသော အရာများ ယုံကြည်ရန် ငြင်းပယ်ပါ**

မိတ်ဆွေသည် နှုတ်ကပတ်တော်နှင့် မကိုက်ညီသော အရာများကို မြင်တွေ့ခံစားနိုင်သော်လည်း နှုတ်ကပတ်တော်ကိုသာ ယုံကြည်ရမည်ဖြစ်သည်။ မိတ်ဆွေကြုံတွေ့ခံစားနေသော အရာတို့သည် အမှန်မဟုတ်ခဲ့လျှင် ကြောက်စိတ်၊ သံသယစိတ်နှင့် မယုံကြည်စိတ်များမွေးရန် မာရ်နတ်၏ လက်နက်ဖြစ်သည်။

**၄။ နှုတ်ကပတ်တော်ကို ဆင်ခြင်နှလုံးသွင်းပါ**

ဖျားနာခြင်းကို တွေးတောမည့်အစား နှုတ်ကပတ်တော်ကိုသာ

အာရုံ ပြုပါ။ နှုတ်ကပတ်တော်ထဲ၌ မိမိကိုယ်ကို စိမ့်ဝင်၍ အနာရောဂါငြိမ်းစေသော ကျမ်းပိုဒ်များကို ဖတ်ရှုပါ။ တတ်နိုင်သရွေ့ နှုတ်ကပတ်တော်ကို ကတ်ဆက်ဖြင့် နားထောင်ပါ။

မိတ်ဆွေသည် ယုံကြည်ခြင်းလိုအပ်သလား။ (ရောမ ၁၀း၁၇) ယုံကြည် ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင် ၏စကားတော်အားဖြင့် ဖြစ်၏။ မိတ်ဆွေသည် မိမိစိတ်ထဲ၌ နှုတ်ကပတ်တော် မပြည့်မချင်းနှင့် မိတ်ဆွေ၏နှုတ်ဖျားမှ မထွက်သည့်တိုင်အောင် နှုတ်ကပတ်တော် ဖတ်၍ကြားနာခြင်းအားဖြင့် မိမိကိုယ်ကို နှုတ်ကပတ်တော်ကို ဖြည့်ဆည်းရန် လိုအပ်သည်။ ထိုသို့ပြုမှ ယုံကြည်ခြင်းဖြစ်လာမည်။ ယုံကြည်ခြင်းသည် ကျေးဇူး တော်တရားနှင့် အနာရောဂါငြိမ်းခြင်းတို့ကို ဖြစ်ထွန်းစေပါသည်။ (လု ၆း၄၅) အကြောင်းမူကား စိတ်နှလုံးပြည့်သည့်အတိုင်း နှုတ်မြွက်တတ်၏။

## ၅။ မကြောက်ပါနှင့်

သခင်ယေရှုက မကြာခဏ ဘာပြောခဲ့သလဲ ¿ ''ကြောက်ရွံ့ခြင်း မရှိပါနှင့် (လု ၈း၅၀) ကောင်းကင်တမန်တို့သည် ပေါ်လာသောအခါတိုင်းတွင် ဘာပြော သနည်း။'' မကြောက်နှင့်'' မိတ်ဆွေသည် ဘုရားသခင်ထံ ကွယ်ကာရန် တောင်း လျှောက်လျှင် သူကမိတ်ဆွေ၏ ပတ်ဝန်းကျင်တွင် ခြံစည်းရိုးကာပေးပါလိမ့်မည်။ သို့သော် ကြောက်စိတ်သည် ခြံစည်းရိုးထဲသို့ စာတန်မာန်နတ်ဝင်နိုင်သော ဂိတ်စ ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကြောက်စိတ်သည် မာရ်နတ်၏ အသုံး ပြုသောလက်နက်ဖြစ်ပြီး မှောင်မိုက်တန်ခိုး၏

အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အလင်းယုံကြည်ခြင်းသည် အမှောင် (ကြောက်စိတ်)နှင့်အတူ မနေနိုင်ပေ။ မာရ် နတ်သည် မိတ်ဆွေက ကြောက်စိတ်မွေးနိုင်ရန် လိမ်ညာဖြားယောင်းသွေးဆောင် မှုဟူသမျှ အသုံးပြုကာ ဝင်ပေါက်ကို ဖွင့်ပါလိမ့်မည်။ သူသည် ထိုဂိတ်ဝကို အစဉ်စောင့်နေသည်။ မိတ်ဆွေ၏ ယုံကြည်ခြင်းကို စောင့်ထိန်းတိုးတက်စေခြင်း ဖြင့် ထိုဂိတ်ဝကို ပိတ်၍သော့ခတ်လိုက်ပါ။

(ရောမ ၈း၁၅) ....သင်တို့သည် တဖန်ကြောက်ရွံ့တတ်သော ကျွန်၏ သဘောကို ရသည်မဟုတ်။

(၁ယော ၄း၁၈) .... မေတ္တာသည် ကြောက်ခြင်းသဘောနှင့် မပေါင်းနိုင်ရာ။

**၆။ အနာရောဂါငြိမ်းခြင်းအတွက် ဘုရားသခင်ကို ချီးမွမ်းပါ**

မိတ်ဆွေသည် အနာရောဂါငြိမ်းခြင်းကို လက်တွေ့ကျကျမခံစားမီ အနာ ရောဂါငြိမ်းခဲ့ခြင်းအတွက် ဘုရားသခင်ကို ချီးမွမ်းခြင်းသည် အမြင့်မားဆုံးသော ယုံကြည်ခြင်းဖြစ်သည်။ ၎င်းသည် ယုံကြည်ခြင်း၏ ဒိုင်းဖြစ်သည်။ ထို့ကြောင့် မိတ်ဆွေသည် ကျန်းမာခြင်းရသောကြောင့် နေ့စဉ်နေ့တိုင်း ဘုရားသခင်ကို ချီးမွမ်းပါ။

**၇။ မယိုင်ပါနှင့်**

(ယာကုပ် ၁း၆) သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ် နှင့်တောင်းရမည်။ တွေးတောခြင်းရှိသော မည်သည်ကား လေခတ်၍လှုပ်ရှား တတ်သော လှိုင်းတံပိုးနှင့်တူ၏ဟု မိန့်ဆိုခဲ့ပါသည်။ (၁တိ ၆း၁၂) ..... ယုံ ကြည်ခြင်း၌ ကောင်းမွန်စွာတိုက်လှန်ခြင်း ....

(ဖေက် ၆း၁၂) ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင် ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့် ၎င်း၊ လောကီအစိုးရ၌ အစိုးတရပြုသော ယင်းတို့နှင့်၎င်း၊ မိုဃ်းကောင်းကင်၌ နေသောနတ်ဆိုးတို့နှင့်၎င်း ဆိုင်ပြိုင်တို၏လှန်ရကြ၏။

(ဖေက် ၆း၁၃) ထို့ကြောင့် ခဲယဉ်းဆိုးယုတ်သော နေ့ရက်ကာလက၌ ဆီးတားနိုင်သဖြင့် ကိစ္စအလုံးစုံကို ပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော့။

အဆိုပြုချက်ထဲတွင်။ ကယ်တင်ခြင်းတရား၊ ဖြောင့်မတ်ခြင်းတရား၊ သမ္မာ တရားနှင့်သတင်းကောင်းပြင်ဆင်မှုများက မိတ်ဆွေကို ကာကွယ်ပေးနိုင်ခြင်းဖြစ် သည်။ နှုတ်ကပတ်တော်က စာတန်မာရ်နတ်ကို အနိုင်တိုက်နိုင်ပါသည်။ စာတန် ၏အနိုင်ယူခြင်းကို ယုံကြည်ခြင်းဖြင့် ကာကွယ်ရန်ဖြစ်သည်။ မာရ်နတ်၏ လက် နက်ကို တစ်ကြိမ်ခုခံနိုင်ခဲ့လျှင် မိတ်ဆွေသည် ဘုရားသခင်ကို ချီးမွမ်းရန် တဖန် ပြင်ဆင်ခြင်းဖြစ်သည်။ (ခမည်းတော်ဘုရား ကိုယ်တော်၏နာမတော်ကို ချီးမွမ်း၍ ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။ ကျွန်တော်မြင်တွေ့ခံစားသော အရာများကို ကျွန်တော် ကိုယ်တိုင်တောင်မှ မယုံတော့ပေ။)

ဤကဲ့သို့သော ချီးမွမ်းခြင်းမျိုးသည် မိတ်ဆွေ၏ အကာအကွယ် (ဒိုင်း) ဖြစ်၍ မိတ်ဆွေ၏ ဓါးမြှောင်ကို အသုံးပြုခြင်းထက် မှောင်မိုက်တန်ခိုးကို တိုက် ခိုက်ရာတွင် ဤချီးမွမ်းခြင်းကို အသုံးပြုလျှင် ပို၍အကျိုးဖြစ်ထွန်းပါလိမ့်မည်။

## ၈။ ကောင်းသောစကားကိုသာ မြွက်ဆိုပါ

မိတ်ဆွေ၏ ကျန်းမာခြင်းအတွက် ဘုရားသခင်၏ အလိုတော်နှင့်ညီညွတ် သောစကားကိုသာ မြွက်ဆိုပါ။ မိတ်ဆွေသည် ကျန်းမာကြောင်း ယုံကြည်ရန် လိုအပ်သည်။ မိတ်ဆွေသည် အမြဲတမ်းဖျားနေသည်ဟု စိတ်ထဲတွင် ထင်မှတ် လျှင် ကျန်းမာရန် အလွန်ခက်ခဲပါလိမ့်မည်။ ''သခင်ယေရှုက မိတ်ဆွေ၏ အနာရောဂါကို ယူဆောင်သွားခဲ့လျှင် မိတ်ဆွေ၏ ရောဂါသည် ပျောက်ကွယ်သွားပါ လိမ့်မည်။ မိတ်ဆွေသည် ယခုထိုရောဂါကို ပိုင်ဆိုင်သေးသလား။ ကျွန်တော် ရောဂါဝေဒနာကို ခံစားသေးသည်ဟု ဘယ်တော့မှ မပြောပါနဲ့။ မိတ်ဆွေ၏ နှုတ်သည် ကောင်းသောအရာနှင့် ဆိုးသွမ်းသောအရာများ ပြုနိုင်သော တန်ခိုးရှိသည်ကို မှတ်ထားပါ။

စာတန်က မိတ်ဆွေကို တိုက်ခိုက်ရာတွင် မိတ်ဆွေ၏ အဆိုးမြင်ဝါဒီဖြင့် မြွက်ဆိုသော စကားများကို အသုံးပြုနေသည်။ ထိုအနာရောဂါသည် စာတန်၏ ဒုက္ခဖြစ်သည်။ ထို့ကြောင့် နေ့ရက်စဉ်တိုင်း မိတ်ဆွေသည် ကျန်းမာခြင်းအခွင့် ရရှိပြီးဖြစ်ကြောင်း မြွက်ဆိုသောစကားကို ဘုရားသခင်အားဖြစ်စေ၊ စာတန်အား ဖြစ်စေ၊ မိတ်ဆွေ၏ ခန္ဓာကိုယ်အားဖြစ်စေ သိစေတော်မူပါ (မာကု ၁၁း၂၃)

မိတ်ဆွေမြွက်ဆိုသော စကားသည် အရေးကြီးသည်။

မဿဲ ၁၂း၃၆ လူတို့သည် အကျိုးမဲ့သော စကားကိုပြောသမျှအတွက် တရားဆုံးဖြတ်သောနေ့၌ စစ်ကြောခြင်းကို ခံရကြလတ္တံ့။

မိတ်ဆွေသည် အနာရောဂါငြိမ်းစေရန် ဆုမတောင်းခဲ့လျှင် ဤဆုတောင်း ခြင်းကို ရွတ်ဆို၍ဆုတောင်းနိုင်ပါသည်။

ကောင်းကင်ဘုံ၌ ရှိတော်မူသော အဘ သခင်ယေရှု၏ ဒုက္ခဝေဒနာအား ဖြင့် ကျွန်တော်သည် အနာရောဂါငြိမ်းခြင်းအခွင့်ရသည်ဟု ပြောသော နှုတ်ကပတ်တော်အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ ယခုအချိန်၌ ပင်ကျွန်ုပ်သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ယုံကြည်သည့်အတိုင်း ကိုယ်တော်၏ အနာရောဂါငြိမ်းခြင်းတန်ခိုးကို ကျွန်မထဲသို့သွင်း၍ အလုပ် လုပ်လျှင် ကျန်းမာခြင်းရရှိမည်ဟု ကျွန်တော်ယုံကြည်ပါ၏။

ကျွန်တော်၏ ခန္ဓာ၊ စိတ်၊ ဝိညာဉ် သုံးပါးစလုံးပေါ်တွင် သခင် ယေရှုခရစ်တော်သည် ဘုရားဖြစ်ပါ၏။ စိတ်ပျော်ရွှင်မှု ရရှိရန် ပြည့်စုံ ကြွယ်ဝသော ဘဝပိုင်ဆိုင်ရန် ကယ်တင်ရန်၊ ရွေးနှုတ်ရန်နှင့် အနာရောဂါ ငြိမ်းစေရန် ကိုယ်တော်၏ တန်ခိုးတော်ကို ကျွန်တော်ရရှိခဲ့ပါ၏။

ဖျားနာခြင်း၊ ရောဂါဘယ၊ နာကျင်ခြင်းများကို

သခင်ယေရှု၏ နာမတော်အားဖြင့် ငါမောင်းထုတ်လိုက်ပါ၏။ မင်းတို့ သည်ဘုရားသခင်၏ အလိုတော်မဟုတ်ပေ။

ငါမင်းတို့ပေါ်တွင် နှုတ်ကပတော်ကို စေလွှတ်ပါ၏။ ငါ့ဘဝတွင် မင်းတို့ကို လုံးဝခွင့်လွှတ်မည် မဟုတ်ပေ။

ကျွန်တော်၏ ဖျားနာခြင်းနှင့် ရောဂါတို့သည် ပျောက်ဆုံးသွားခဲ့ သည်။ သခင်ယေရှုက ကျွန်ုပ်၏ ရောဂါဝေဒနာ၊ အားနည်းချက်နှင့် နာကျင်မှုများကို ယူဆောင်သွားခဲ့သည်။ ကျွန်ုပ်သည် ထာဝရလွတ်ငြိမ်း ချမ်းသာခွင့်ရရှိခဲ့သည်။

**ကိုယ်တော်ဘုရား ကျွန်ုပ်ကိုယ်စား ဤအမှုအရာများပြုရန် ကိုယ်တော်၏နှုတ်ကပတ်တော်စေလွှတ်သောကြောင့် ကိုယ်တော်ကို ကျေးဇူး တင်ပါ၏။ ယေရှုနာမတော်အားဖြင့် ကျေးဇူးတော်ကို ချီးမွမ်းလျက် ဆု တောင်းပါ၏။'' အာမင်**

နှုတ်ကပတ်တော်သည် မှန်ကန်ကြောင်း မိတ်ဆွေ၏ယုံကြည်ခြင်းကို ဘုရားသခင်ထံသို့ဖြစ်စေ၊ စာတန်ထံသို့ဖြစ်စေ၊ လူသားအားလုံးထံ ဤသို့ကြွေး ကြော်ဆုတောင်းခြင်းပြုလျှင် မိတ်ဆွေသည် ကျန်းမာခြင်း အခွင့်ရှိသည်ဟု နှုတ် ကပတ်တော်က ပြောခဲ့ပါသည်။

## အခန်း (၇)

## အနာရောဂါ ငြိမ်းစေသော ကျမ်းစာများ

မိတ်ဆွေ၏ အနာရောဂါငြိမ်းဖို့ရန်အတွက် အောက်ပါ ကတိတော်များအပေါ် ရပ်တည်နိုင်ပါသည်။

(ထွက် ၁၅း၂၆) (ထွက် ၂၃း၁၅-၁၆)

| | |
|---|---|
| ဆာလံ ၁၀၃း၁-၅ | ဆာလံ ၁၀၇း၁၉-၂၀ |
| သုတ္တံ ၄း၂၀-၂၃ | ဟေရှာယ ၅၃း၄-၅ |
| ယေရမိ ၁း၁၂ | ယေရမိ ၃၀း၁၇ |
| မဿဲ ၈း၁၇ | မဿဲ ၁၅း၃၀-၃၀ |
| မဿဲ ၁၈း၁၈-၁၉ | မာကု ၁၁း၂၃-၂၄ |
| မာကု ၁၆း၁၇-၁၈ | လုကာ ၉း၂ |
| လုကာ ၁၃း၁၆ | တမန်တော် ၅း၁၆ |
| တမန်တော် ၁၀း၃၈ | ဂလာတိ ၃း၁၃-၁၄ |
| ရှင်ယာကုပ် ၄း၇ | တမန်တော် ၅း၁၄-၁၅ |

မိတ်ဆွေသည် ကျမ်းစာအုပ်ကိုကောက်ကိုင်၍ အထက်၌ဖော်ပြထား သောကျမ်းပိုဒ်များကို ကျယ်လောင်စွာ ဖတ်ရှုပါ။ ငါမှန်သည်ဟုဆို၏၊ ကျယ်ကျယ် ပြောပါ။ မိတ်ဆွေသည် ထိုကျမ်းပိုဒ်တို့ကို မိမိနားဖြင့် ကြားနိုင်ရန် ကျယ် ကျယ်ဖတ်ရှုပါ။

ဘုရားသခင်က နောထေံ ''သင်သည် ငါ့သား၊ ငါမင်းကိုချစ်သည်'' ဟုမိတ်ဆွေအားပြောခဲ့လျှင် မိတ်ဆွေသည် မည်သို့ခံစားရမည်နည်း။

ဘုရားသခင်မိန့်ဆိုခဲ့သော နှုတ်ကပတ်တော်အားဖြင့်

မိတ်ဆွေကို စကားပြောသောသူသည် ဘုရားသခင်ပင် ဖြစ်သည်ကို သိရှိပါ။ စာပိုဒ်တစ်ခုစီ တိုင်းကို အာရုံပြုပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်၏ စောင့်ထိန်းမှု၊ ဂရုဏာတရားနှင့် ချစ်ခြင်းမေတ္တာကို သိရှိပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဘုရားသခင်က မိတ်ဆွေအား စကားပြောသကဲ့သို့ခံယူပါ။ ထို့နောက် မိတ်ဆွေ၏ ဘဝအခြေအနေ၌ လက်တွေ့ အသုံးချပါ။

# အခန်း (၈)

# လက်တွေ့အသုံးချခြင်း

ဤအကြောင်းအရာအားလုံးတို့ သင်ယူလေ့လာခြင်းသည်း ဘုရားသခင် ၏နှုတ်ကပတ်တော်ပေါ်တွင် ယုံကြည်ခြင်းကို အခြေချ၍ လက်တွေ့လုပ်ဆောင် ရသောအချိန်ရောက်လာပါပြီ။ ဖျားနာမှုကြောင့် ကျွန်တော်မလုပ်နိုင်သော အရာတို့ကို ယခုစတင်ရတော့မည်။ ကျွန်ုပ်အတွက် ဤလုပ်ဆောင်ခြင်းသည် ပေ၂၀ထက်ရှည်သော ခရီးကိုလျှောက်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်၏ဖနီးကို ဘေးနားတွင် ရပ်ဆိုင်းပြီး ဖြည်းဖြည်းလမ်းလျှောက်ရန် စတင်ခဲ့သည်။

ယခုလူတစ်ယောက်စီတိုင်း၏ စိတ်ထဲတွင် ရောဂါဘယသည် သာ၍ကြီးမားလာခဲ့သည်။ သို့သော် ကျွန်တော်သည် ရောဂါလက္ခဏာသည် ဤသို့ထင်ရှားလျက်ရှိသည်။ ကျွန်ုပ်၏ ဘယ်ဘက်ရင်အုပ်တွင် နာကျင်မှုကို ကျွန်တော်ခံစား၍ ၎င်းရောဂါကိုနောက်ပိုင်းတွင် လည်ပင်းအထိ၊ ဘယ်ဘက်ဂျိုင်း အောက်အထိ နာကျင်လာပါသည်။

ထိုရောဂါသည် ဘယ်ဘက်ပုခုံးတခုလုံး၊ လည်ပင်းမှ ဘယ်ဘက်လက် မောင်းအထိကူးသွားခဲ့၍ ရောဂါသည် တဖြည်းဖြည်းကြီးလာခဲ့သည်။ ထိုရောဂါ ဝေဒနာသည် အလွန်ပြင်းထန်လာပြီး နောက်ဆုံးတွင် လက်ကိုဆန့်တန်း၍ မရတော့သည်အထိ ဆိုးရွားလာပါသည်။ ကျွန်တော်သည် အံ့သွားခဲကြိတ် လောက်အောင် ဝေဒနာကိုခံစားခဲ့၍ တံတောင်ဆစ်နှင့် ဘယ်ဘက်ပခုံးနောက် ဘက်သည်လည်း မီးလောင်သလို ခံစားခဲ့ရသည်။

ကျွန်တော်သည် ဤအတိုင်းနေလျှင် ရောဂါသက်သက်ဖြစ်သည်ဟု ခံစားရပြီး ရောဂါတွေမြောင်းထဲ မျှောသွားသလိုဖြစ်သည်။ သူတို့သည် တကြိမ်အစပြုလျှင် ကျွန်တော်သည် ချက်ချင်းမထိုင်ချလျှင် ကျွန်တော်သည် အဆက်မှုုးတင်းကြပ်၍ နှလုံးခုန်နှုန်းမြန်ဆန်လာသည်။ ကျွန်တော်ကို အလွန်တိုက်ခိုက်သည်ကို ကျွန်တော်သိရှိခဲ့သည်။

ကျွန်တော်တို့သည် လမ်းလျှောက်ရန် အစပြုလာခဲ့သည်။ ပေ ၂၀သွားခဲ့ပြီးနောက် နာကျင်မှုကို မသိမသာ ခံစားရသည်။ ကျွန်တော်တို့နှစ်ဦးသည် ရောဂါ၊ ဖျားနာခြင်းနှင့် စာတန်ကိုနှင်ထုတ်ခဲ့သည်။ ဤအချိန်တွင် ကျွန်တော်တို့သည် ''ယေရှုနာမတော်အားဖြင့်'' ဟုပြောခဲ့သည်။ နာကျင်မှုသည် ကျွန်တော်၏ လက်မောင်းအောက်တွင် စီးဆင်းခဲ့သော်လည်း ထိုနာကျင်မှုကို ချက်ချင်းရပ်တန့်သွားခဲ့သည်။ ကျွန်တော်တို့သည် နောက်ထပ် ပေ ၂၀လျှောက်ခဲ့ကြသည်။ တခြားနာကျင်မှုသည် ပေါ်ပေါက်လာပြီး ကျွန်တော်တို့နှင်ထုတ်လိုက် သဖြင့် ရပ်သွားခဲ့ရသည်။ (ကျွန်တော်၏ လက်မောင်းအောက်တွင် မရောက်မီ)

လေးရက်အတွင် တစ်နေ့လျှင် ပေ ၂၀တိုး၍ လမ်းလျှောက်လေ့ရှိသော လည်း ထူးခြားမှုမတွေ့ရပေ။

နောက်ဆုံးတွင် ကျွန်တော်အလွန်စိတ်ဆိုးလာပြီး စာတန်မာန်နတ်ကို အလွန်စိတ်ဒေါသဖြစ်ခဲ့ရသည်။ တိုက်ခိုက်မှုတို့သ်ည အလွန်တိုးပွါးလာသော ကြောင့်ကျွန်တော် အလွန်ဒေါသတိုးပွားလာကာ ဂျိုင်းထောက်ကို ဘယ်လက်တွင် ထောက်၍ မတ်သပ်ရပ်ခဲ့သည်။

(ကျွန်တော်သည် ဤမျှရှည်လျားသော လမ်းကိုလျှောက်သွားလျှင် ဘုရားသခင်က ကျွန်တော်ကို ကျန်းမာစေမည်ဟု ယုံကြည်ခဲ့သည်။ ကျွန်တော်၏ စိတ်ဆိုးခြင်းကိုရင်ဖွင့်ခဲ့ပြီးနောက် ဘုရားသခင်ထံ့ အပြစ်များ ခွင့်လွှတ်ရန်တောင်း ပန်၍ ကိုယ်တော်သည် ကျွန်ုပ်ဂရုမစိုက်ခဲ့တော့သည်ကို ကျွန်တော်သိသည်ဟု ပြောခဲ့သည်)

ကျွန်တော်၏ စိတ်ထဲတွင် တစ်စုံတစ်ခုမှားယွင်းနေသည်ကို ကျွန်တော် သိရှိခဲ့သည်။ ထိုညတွင် ကျွန်တော်ဤသို့တွေ့ရှိခဲ့သည်။ ကျွန်တော်သည် လမ်း လျှောက်ရာတွင် နှုတ်ကပတ်တော် ဝိညာဉ်တော်၏ ဓားကို အသုံးပြု၍ တောင်ပေါ် တွင် သခင်ယေရှုစုံစမ်းနှောက်ယှက်ခြင်းခံခဲ့ရသည့်အချိန်တွင် စာတန်ကို အနိုင်ယူခဲ့သည့်နည်းတူ ကျွန်တော်သည် နှုတ်ကပတ်တော်အားဖြင့် စာတန်ကို နှင်ထုတ်လိုက်သည်။

ကျွန်တော် မေ့လျော့သောအရာသည် မာကု ၁၁း၂၃–၂၄ အတိုင်း ယုံကြည်ခြင်းဒိုင်းလွှားဖြစ်သည်။ ကျွန်တော်သည် ကျွန်ုပ်၏ ကိုယ်ထဲတွင် အနာရောဂါငြိမ်းခြင်းမခံစားမိ နှုတ်ကပတ်တော်ထဲ၌ ဖော်ပြထားသော အနာရောဂါငြိမ်းစေသော ကျမ်းပိုဒ်များ အခြေခံ၍ အနာရောဂါငြိမ်းခြင်းအတွက် ဘုရားသခင်ကို ချီးမွမ်းရန် ကျွန်တော်မေ့လျော့ခဲ့သည်။

ကျွန်တော်၏ ခန္ဓာကိုယ်တဝက်သည် လှုပ်ရှားရန်ခက်ခဲလာသောကြောင့် အလွန်ကြိုးပမ်းအားထုတ် ရပါသည်။ ကျွန်တော်သည် အနေအထိုင်တစ်ခုမှားလျှင် တခြားတဘက်သည် နာကျင်မှုကို ခံစားရသည်။ ကျွန်တော်သည်

ကျန်းမာရေး ပြန်ကောင်းမည်လား (သို့) သေသွားမည်လားဟူ၍ စိတ်ပူပန်ခံရသည်။

ကျွန်တော်သည် မသေ၍စာတန်ကို တဖန်တိုက်ခိုက်မည်ဟု ဆုံးဖြတ် ချက်ခိုင်မာစွာ ချခဲ့ရသည်။

နေက်တနေ့ မနက်ပိုင်းတွင် ကျွန်တော်တို့ လမ်းပြန်လျှောက်ခဲ့ကြသည်။ ပေ ၂၀ခန့်လျှောက်သောအချိန် တွင် နာကျင်မှုဖြစ်လာ၍ ကျွန်တော်ထိုရောဂါကို နှင်ထုတ်သဖြင့် ပြန်ငြိမ်းသွားခဲ့သည်။ ပေ ၂၀ကျော်လာပြီးနောက် နာကျင်မှုဖြစ် ပွားခဲ့ပြန်သည်။ ကျွန်တော်သည် ခဏအချိန်စောင့်ဆိုင်းပြီးနောက် ဤသို့ပြောခဲ့ သည်။

ထိုသူသည် ငါတို့၏ လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ချမ်းသာကို ဖြစ်စေသော ဆုံမခြင်း သည် သူ့အပေါ်သို့ရောက်၍ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာ ပျောက်လျက်ရှိကြ၏။''

ကျွန်ုပ်ထဲတွင် စာတန်ချခဲ့သော အနာရောဂါကို ယုံကြည်ခြင်းနှင့် ဤလောက၌ဖြစ်ပျက်သော အမှန်တရားများအပေါ် ယုံကြည်ခြင်းများထက် ကိုယတော်၏ နှုတ်ကပတ်တော်ကို ကျွန်တော်ပို၍ ယုံကြည်ပါ၏။

နာကျင်မှုသည် ရပ်တန့်သွားခဲ့၍ ကျွန်တော်ဆက်သွားခဲ့သည်။

ကျွန်တော်တို့သည် ပေ ၂၀လျှောက်သည့်အချိန်တွင် နာကျင်မှုကို မခံစားရတော့ပေ။ အရင်ကထက် နှစ်ဆလျှောက်နိုင်ခဲ့သည်။ သို့သော ပေ ၄၀ရောက်ရှိသောအခါ

တခြားနာကျင်မှု တစ်ခုစတင်လာခဲ့သည်။

ကျွန်ုပ်တို့သည် ရုတ်တရက် အရင်တုန်းက အတိုင်းဘုရားသခင်ကို ချီးမွမ်း၍ နာကျင်မှုသည် ချုပ်ငြိမ်းသွားခဲ့ကာ ပြန်လည်လှမ်းလျှောက်နိုင်ပြန်သည်။ ဤအချိန်တွင် ကျွန်တော်သည် ပေ ၈၀အထိလျှောက်နိုင် ခဲ့သည်။ ထိုမှတဆင့်ပြီးတဆင့် နှစ်ဆ၁၀၀မှ နှစ်ဆ၁၀၀မှ နှစ်စသဖြင့် နာကျင်မှုမရှိတော့ပဲ လှမ်းလျှောက် နိုင်ခဲ့သည်။

ယခု ကျွန်တော်သည် နှစ်ဆယ့်လေးနာရီနီးပါး ဘုရားသခင်ကို ချီးမွမ်းနိုင်သည်။

နောက်ဆုံးတွင် ကျွန်တော်သည် ဘုရားသခင်ကို ချီးမွမ်းခြင်း၌ အကျင့် သားရသွား၏။ ကျွန်တော်သည် ဘုရားသခင်ကို မချီးမွမ်းဘဲ နေနိုင်ဦးမည်လော။

ဘုရားသခင်သည် အလွန်ကောင်းမြတ်သည်။

## အခန်း (၉)
## နောက်ပိတ်စာ

**သတိပေးခြင်း!!**

မိတ်ဆွေသည် သတိပေးခြင်း (သို့) ကြိုတင်ပြင်ဆင်ခြင်း လိုအပ်လိမ့် မည်ဟု ကျွန်တော်ခံစားမိပါသည်။ မိတ်ဆွေသည် စာတန်ကို မတိုက်ခိုက်ဘဲနေ လျှင် သူသည် အလွန်ဝမ်းမြောက်ပီတိ ဖြစ်နေသည်။ မိတ်ဆွေအောင်မြင်မှုကို နှောင့်ယှက်သော အရာကို မိတ်ဆွေပြုလိမ့်မည်လော။ စာတန်၏ သြဇာအာဏာ ပေါ်တွင် အနိုင်ရရှိကြောင်းနှင့် မိတ်ဆွေ၏ ယုံကြည်ခြင်းသည် ခိုင်မာကြောင်း ပြောပါ)။ မိတ်ဆွေ၏ အောင်မြင်မှုကို နည်းလမ်းတခုခုအားဖြင့်

ဖျက်ဆီးရန် စာတန်မာရ်နတ်သည် တဖန်မိတ်ဆွေထံ ပြန်လာပါလိမ့်မည်။ မိတ်ဆွေသည် အလွန်အားသန်လျှင် မိတ်ဆွေထံ မိတ်ဆွေနှင့် အနီးကပ်ဆုံး လူတစ်ယောက် ကိုအသုံးပြုပြီး ရောက်လာပါလိမ့်မည်။ ထို့ကြောင့် မိတ်ဆွေသည် အောင်ပွဲခံ သည့်အချိန်တွင် မိတ်ဆွေ၏ ခါး၊ ဒိုင်းများကို အဆင်သင့်ပြင်ထား၍ သေချာစွာ ကြပ်မတ်ထားပါ။

## မှတ်ရန်

ယခုမိတ်ဆွေကြားခဲ့ရသော အရာသည် မိတ်ဆွေဖျားနာသော အချိန် တွင်သာ အသုံးချရန်အတွက်သာ မဟုတ်ပေ။ မိတ်ဆွေသည် တကြိမ်အစပြု သောအခါချက်ချင်း မောင်းထုတ်နိုင်မည် မဟုတ်ပေ။ ၎င်းသည် ဘဝလမ်းဖြစ် လာရန် အရေးကြီးသည်။ မိတ်ဆွေသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖမ်းမိ၍ မိတ်ဆွေ၏ ဘဝပြောင်းလဲရပေမည်။ ထို့ပြင် ဘုရားသခင်နှင့် မိတ် သဟာရဖွဲ့ခြင်း၌ တိုးတက်ရန်လည်း လိုအပ်သည်။

အပြစ်အကြီးဆုံးသော အပြစ်သားတစ်ဦးပင်လျှင် အနာရောဂါငြိမ်းခြင်း ရရှိသည်ကို မိတ်ဆွေမြင်တွေ့ခဲ့သည်။ ဘုရားသခင်၏ ကျန်းမာခြင်းပေးသော အချိန်ကိုစောင့်၍ နှုတ်ကပတ်တော်ကို ဆက်လက်နာခံခြင်းရှိပါ။ ဤနိယာမ များကို မိတ်ဆွေ၏ဘဝတစ်လျှောက်တွင် အသုံးချရန် လိုအပ်ပေသည်။

မိတ်ဆွေလိုအပ်သော အရာသည် ဤအချက်ပင်ဖြစ်သည်။ ''အဘယ် ကြောင့်'' နှင့် ''မည်သို့'' တို့၏အဓိပ္ပါယ်ဖြေရှင်းချက်ကို အလွန်နက်ရှိုင်း၍ အဓိပ္ပါယ်ရှိသော ဘာသာရပ်တစ်ခုဖြစ်သည်။

သို့သော် မိတ်ဆွေ၏ အနာရောဂါ ငြိမ်းခြင်းအတွက် အမှန်တကယ်လိုအပ်မှုသည် အထက်၌ဖော်ပြခဲ့သော အချက်များဖြစ်သည်။

အထက်၌ဖော်ပြခဲ့သော အကြောင်းအရာတို့သည် ကျွန်ုပ်ကို အများကြီး ကူညီခဲ့သည့်နည်းတူ မိတ်ဆွေကိုလည်း ကူညီပေးရလိမ့်မည်ဟု ကျွန်တော်မျှော် လင့်မိသည်။

ကျွန်တော်သည် ကျန်းမာခြင်းရခဲ့သောကြောင့် ဘုရားသခင်၏ နာမ တော်ကိုချီးမွမ်းပါသည်။

ကိုယ်တော်ရှင်ဘုရား ကိုယ်တော်၏ နှုတ်ကပတ်တော်သည် ကျန်းမာ ခြင်းနှင့် အနာရောဂါငြိမ်းစေသည်ကို ကျွန်တော် ယေရှုနာမတော်အားဖြင့် ဝန်ခံ ပါ၏။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် ကိုယ့်တော်ထံ လက်ချည်းလာမည် မဟုတ်ကြောင်း ကျွန်တော်ယုံကြည်သည်။ နှုတ်ကပတ်တော်ထဲ၌ ကိုယ်တော် ပြောထားသမျှ အကုန်ပြည့်စုံပါလိမ့်မည်။

၁ ပေ ၂း၄ ကျွန်တော်သည် ကျန်းမာခဲ့ကြောင်း ယေရှုနာမတော်အား ဖြင့်ကျွန်တော်ယုံကြည်သည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်ထဲတွင် ကျွန်ုပ်၏ အပြစ်များယူဆောင်သွား၍ အနာရောဂါရှိသမျှတို့ကိုလည်း ယူဆောင်သွားခဲ့ သည်ဟု မိန့်ဆိုထားပါသည်။ (မဿဲ ၈း၁၇) ထို့ကြောင့် ရဲရင့်ခြင်းနှင့် တင်းတိမ် မှုအပြည့်ဖြင့် ကျွန်တော်သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ပေါ်တွင် ရပ်တည် ၍ ကိုယ်တော်သည် ဖျားနာခြင်းအမင်္ဂလာမှ လွတ်မြောက်ခဲ့ကြောင်း ကြွေးကြော် ပါသည်။ ထိုအနာရောဂါ၏ လုပ်ဆောင်မှုတို့ကို ကျွန်တော်လုံးဝခွင့်မပြုတော့ပေ။

စာတန်၊ ငါမင်းကို ယေရှုနာမအားဖြင့် မိန့်ဆိုပါ၏။ သင့်၏အထွဋ်အ မြတ်၊ အာဏာစက်တို့ကိုငင်း၊ လောကီအစိုးရ၍ အစိုးတရပြုသော မင်းတို့ကို ငင်း၊ မိုးကောင်းကင်၌နေသော နတ်တို့ပေါ်တွင် ငါအောင်မြင်ပြီဖြစ်ကြောင်း ကျွန်တော်ကြွေးကြော်ခဲ့သည်။ မင်းအပ်ခဲ့သော တာဝန်မှ ငါလွတ်မြောက်ခဲ့ပြီ။ ကျွန်တော်သည် ဘုရားသခင်၏ လူဖြစ်သွားခဲ့ပြီး ငါ့ထဲ၌ မင်းအတွက်နေရာ မရှိတော့ပေ။ အမြင့်ဆုံးသော ဘုရားသခင်အနေဖြင့် မြင့်မြတ်သောနေရာတွင် ငါနေထိုင်၍ မည်သည့်ရန်သူကမှ မတိုက်လှန်နိုင်သော တန်ခိုးကြီးသော ဘုရားသခင်၏အရိပ်အာဝါသတွင် ငါခိုလှုံသည်။

''ယခု ကိုယ်တော်ဘုရား ကိုယ်တော်၏ နှုတ်ကပတ်တော် မိန့်ဆိုသည့် အတိုင်းကျွန်ုပ်ယုံကြပ်ပါ၏။'' ကောင်းကင်တမန်တို့သည် ကျွန်တော်၏ပတ်ဝန်း ကျင်တွင် တပ်ချလျက် မကောင်းသော စာတန်မာရ်နတ်၏ လုပ်ရပ်မှ ကျွန်တော် ကိုကာယ်တင်တော်မူလိမ့်မည်။ မကောင်းဆိုးဝါး၊ ကပ်ဆိုးနှင့် ဘေးအန္တရာယ်များ ကျွန်တော်၏ ခိုလှုံရာအရပ်၌ မရောက်ရပါ။

နှုတ်ကပတ်တော်သည် ကျွန်တော့်ထဲ၌တည်၍ ငင်းသည်အသက်ဖြစ် ကာကျွန်ုပ်၏ အသွေးအသားအတွက်ဆေးဝါးဖြစ်သည်ကို ငါဝန်ခံ၏။ သခင် ယေရှုခရစ်တော်အားဖြင့် ဝိညာဉ်တော် အသက်တာ၏ ပညတ်တော်သည် ကျွန်ုပ် ၏အထဲတွင် အမှုပြုပြီး ကိုယ်တော့်ကိုသေခြင်းတရားနှင့် အပြစ်တရား၏ ပညတ် တော်မှ လွတ်မြောက်စေခဲ့သည်။

ကိုယ်တော်၏ နှုတ်ကပတ်တော် ဝန်ခံခြင်းကို ကျွန်တော်ဆုပ်ကိုင်၍ ကျွန်တော်သည် ခိုင်မာစွာရပ်တည်ကာ ယခုကျန်းမာခြင်းနှင့် အနာရောဂါငြိမ်း ခြင်းတို့သည် ကျွန်တော့်အတွက်ဖြစ်သည်ကို သိရှိခဲ့သည်။ ယေရှုနာမအားဖြင့် ဆုတောင်းပါ၏။ အာမင်။

ယခု ကိုယ်တော်ချပေးသော ရောဂါငြိမ်းခြင်းအတွက် ကိုယ်တော်၏ နာမတော်ကို ချီးမွမ်းခြင်းအားဖြင့် ယုံကြည်ခြင်းဒိုင်းလွှားကို အသုံးပြုရန် ကျွန် တော်အစပြုသည်။ ကိုယ်တော်ရှင်ဘုရား ကျွန်ုပ်ပေါ်၌ တစုံတခုသော ရောဂါကို တွေ့လျှင် ကိုယ်တော်၏ဒိုင်းလွှားကို အသုံးပြုတော်မူပါ။

## ကယ်တင်ခြင်းအတွက် သခင်ယေရှုသည် မိမိကယ်တင်ရှင်အဖြစ် လက်ခံရာတွင် ဆုတောင်းခြင်း (ခရစ်ယာန်တစ်ဦး မည်သို့ဖြစ်လာနိုင်မည်နည်း)

ကောင်းကင်ဘုံ၌ရှိတော်မူသော ဘုရားယေရှု၏ နာမတော်အားဖြင့် ကိုယ်တော်ထံသို့ ကျွန်တော်တိုးဝင်ချဉ်းကပ်ပါ၏။ သခင်ယေရှုသည် ကျွန်ုပ် ၏အသက်သခင်ဖြစ်ရန် ကျွန်တော်တောင်းလျှောက်ပါ၏။ ရောမသြဝါဒစာ ၁၀း၉ထဲ၌ ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်၏နှလုံးသားထဲ၌ သခင်ယေရှုသည် သေခြင်းမှထမြောက်ခဲ့ကြောင်းကို ယုံကြည်၍ နှုတ်ဖြင့်ဝန်ခံပါ၏။ သခင်ယေရှုကို ကျွန်ုပ်၏အသက်သခင်အဖြစ် ဤအချိန်မှစ၍ လက်ခံပါ၏။

ယေရှုဘုရား ကျွန်ုပ်၏နှလုံးသားထဲတွင် ဝင်ရောက်တော်မူပါ။

ဤအချိန် တွင် ကျွန်တော်သည် ကယ်တင်ခြင်းခံရကြောင်း ကျွန်တော်ယုံကြည်ပါ၏။ ကျွန် တော်သည် ဒုတိယမွေးခြင်းခံသည်။ ခရစ်ယာန်တစ်ဦးဖြစ်လာသည်။ အမြင့်ဆုံး သောဘုရားသခင်၏ သားဖြစ်သည်ဟု ယခုငါပြော၏။
အာမင်

## သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံယူခြင်းအတွက် ဆုတောင်းခြင်း
## (သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံကို မည်သို့ရရှိမည်နည်း)

ကောင်းကင်ဘုံ၌ရှိတော်မူသော အဘဘုရား၊ ကျွန်တော်သည် ယုံကြည် သူတစ်ဦးဖြစ်ပါ၏။ ကိုယ်တော်၏ သားလည်းဖြစ်၏။ ကိုယ်တော်သည် ကျွန်ုပ်၏ ခမည်းတော်ဖြစ်ပါ၏။ သခင်ယေရှုသည် ကျွန်ုပ်၏ သခင်ဖြစ်၏။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် မှန်ကန်ကြောင်းကို ကျွန်ုပ်၏ နှလုံးသားထဲမှ ယုံကြည်ပါ ၏။

ကိုယ်တော်၏ နှုတ်ကပတ်တော်ထဲတွင် သန့်ရှင်းသောဝိညာဉ်တော် တောင်းလျှောက်လျှင် ရရှိကြလိမ့်မည်ဟု မိန့်ဆိုသဖြင့် ဘုရာသခင်၊ ကိုယ်တော် ၏သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်တော်၏အထဲ၌ ပြည့်လျှံစွာစီးဆင်းရန် ယေရှုခရစ်တော်၏ နာမတော်အားဖြင့် တောင်းလျှောက်ပါ၏။

ယေရှုဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်ကိုနှစ်ခြင်းပေး ပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်အတိုင်း ယခုကျွန်တော်သည် သန့်ရှင်း သောဝိညာဉ်တော်ကို ရရှိခဲ့သည်ကို သိရှိသောကြောင့် ကိုယ်တော်ကိုကျေးဇူး တင်ပါ၏။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်တော်ထဲ၌ ကျိန်းဝပ်ကြောင်းနှင့် ၎င်းကိုကျွန်ုပ်သည် ယုံကြည်ခြင်းအားဖြင့် လက်ခံခဲ့ကြောင်း ကျွန်ုပ်ယုံကြည်ပါ၏။

ယခု သန့်ရှင်းသောဝိညာဉ်တော်ဘုရား ကျွန်ုပ်သည်ကိုယ်တော်ကို ချီးမွမ်း သည့်နည်းတူ ကျွန်ုပ်ထဲ၌ လှုပ်ရှားတော်မူပါ။ ကိုယ်တော်ပေးခဲ့သည့်အတိုင်း ကျွန်ုပ်သည် တခြားသောဘာသာစကားဖြင့် ပြောဆိုရန် မျှော်လင့်ပါသည်။

Amen!